
Sai Zarni
နဂါးသိုက်မှ ဟေဝသူ

# နဂါးသိုက်မှ လာသူ
# (ဖြစ်ရပ်မှန် စ-ဆုံး)

"တီ တီ"

"ဒိန်း ..."

"ဖျော"

"အား"

"ဟာ ဟိုမှာ ဟိုမှာ မိန်းကလေး တစ်ယောက် ဆိုင်ကယ် လဲကျသွားတယ် ဘာဖြစ်သွားသေးလဲ အမြန် ကြည့်ပါဟ"

"အေးဟာ ဟုတ်ပါရဲ့ လမ်းကြီး ရှင်းနေတာကို တစ်ယောက်တည်း ပစ်လဲ ရတယ်လို့ "

ရန်ကုန်မြို့ ရွာသာသာ ရပ်ကွက် တစ်ခုထဲတွင် မိန်းကလေး တစ်ယောက် ခပ်မြန်မြန် စီးလာသော ဆိုင်ကယ်သည် တိုက်မှုခိုက်မှု မရှိကပါပဲ အလိုအလျောက် လဲကျသွားခြင်း ဖြစ်ပါသည်။

"မိန်းကလေး ထထ ဘယ်အနား နာသွားသေးလဲ"

"ဟုတ် ရ ... ရပါတယ် ဦးလေး ဘာမှ မဖြစ်ပါဘူး"

မိ န်း က လေး မှာ ရှက်၍ ဘာမှ မဖြစ်ဘူးဟု ပြောလိုက်သော်ငြားလည်း သူမ၏ လက်မောင်းနှင့် ဒူးခေါင်းတော့ အနည်းငယ်ပွန်းပဲ့ သွားရလေသည် ။

သူမဆိုင်ကိုယ်အပေါ် အသာအယာ တက်ထိုင်ပြီး ခပ်မှန်မှန်လေး မောင်းထွက် ခဲ့လေသည် ။ လူအများ နဲ့ ဝေးရာရောက်မှ သစ်ပင် အရိပ်ကောင်းကောင်း အောက်မှာ ဆိုင်ကယ်ကို ထိုးရပ်လိုက်ပြီး အမောဖြေကာ ခြေလက်များမှ ဒဏ်ရာများကို အလျင်အမြန် ပွတ်သပ် နေမိလေသည် ။

သူမထိုသို့ ထိုင်ပွတ်နေမိရင်း သူမဘဝရဲ့ အတိတ်ကို ပြန်လည် တွေးတော နေမိလေသည် ။ သူမဘယ်သူလဲ သူမ ဆိုတာက အမြဲတစေ အထီးကျန် ဆန်နေရတဲ့ အထီးကျန် မင်းသမီးလေး မိနွေမ။

***

**နွေမ၏ အတိတ်**

"အား အမေ အမေ အု အု အု"

"ဟာ အမေ အမေ"

" ဟိုမှာ ညီမလေး ညီမလေး နွေမ ရေနစ်နေတယ်"

"ဟယ် သမီး သမီးလေး အမေ့သမီးလေး"

ရန်ကုန် ကန်တော်ကြီး အတွင်း မိသားစု လေးယောက် အလည်

ရောက်လာခဲ့ကြပါသည် ။ မိသားစု လေးယောက်မှာ သမီးအပျို နှစ်ယောက်နှင့် အသက်လေးဆယ် မိခင်ကြီးရယ် သုံးနှစ်အရွယ် သမီးလေးကတော့ အငယ်ဆုံး ဖြစ်ပေသည် ။

ယခုမှာ သုံးနှစ်အရွယ် သမီးလေးဟာ တစ်ပေမျှသာ နက်သော ရေထဲသို့ ဘယ်က ဘယ်ပုံ နစ်မှန်း မသိ ထူးထူးဆန်းဆန်း နစ်မြုပ်သွားရခြင်း ဖြစ်ပေသည် ။ မိခင်ကြီးက အလျင်အမြန် လက်နှင့် လိုက်စမ်းကာ ဖမ်းလိုက်သောကြောင့် အသက်ဘေးက သီသီလေး လွတ်ခဲ့ရလေသည် ။ အဲဒီ ကလေးမလေးက နွေမတဲ့ ။

နွေမဘဝမှာ ဖြေစရာ တစ်ခုမျှ မရှိပေ။ ဘာကြောင့် လဲ။ ဘာလို့ လဲ။ ဘယ်လိုတွေများ ကံဆိုးမှု ဝမ်းနည်း ကြေကွဲမှုတွေ ကြုံခဲ့ရပါလို့ လဲ...။

နွေမလေးဟာ ကျိန်စာ သင့်နေသူ တစ်ယောက်လား။ ဒါမှ မဟုတ် ဝမ်းတွင်း စုန်းပညာကို တတ်မြောက်လာသူ ပေပဲလား။ ဘာလို့ ထိုသို့ တွေးထင် ရပါသလဲ ဆိုတော့ နွေမ အပျိုဘော်ဝင် အသက် ၁၄၊ ၁၅ အရွယ်မှာ ရွာအပြင် တောစပ်လေး အနီးမှ မိန်းကလေး တစ်ယောက် လျှောက်လာစဉ် သူမလာနေသော လမ်းရဲ့ ရှေ့တည့်တည့်ဆီမှ ထန်းရည် မူးနေသော အမျိုးသား သုံးယောက်ဟာ ကယိမ်းကယိုင်နဲ့ လျှောက်လာကြရင်း မိန်းကလေးကို မြင်လိုက်တဲ့ အခါ

"အာစိ ဟို ဟိုမှာ အာစိရဲ့ နွေမလေး လာနေတယ်"

"ဟေ ဘယ်မလဲ ဘယ်မလဲဟ နွေမ"

"ဟိုမှာ လေ အာစိရဲ့ သစ်ပင်တန်းလေး အနားမှာ ဒီဘက်ကို နီးလာနေပြီ ကျွန်တော်တို့ ရှောင်ပေးမယ် တစ်ခါတည်း ရင်ဖွင့် ပစ်လိုက်ဗျာ"

ကောင်းမြတ် မျက်စေ့ နှစ်ဖက်အား လက်နှင့် ပွတ်ကြည့်လိုက်ကာ

"အော် အေးအေး တွေ့ပြီ ကောင်းတယ် ကောင်းတယ် မင်းတို့ နှစ်ယောက် အမြန်ပုန်းနေကြ"

"စိတ်ချပါအာစိ အာစိကိုလည်း စိတ်ချမယ်နော်"

"အေးပါကွာ သွား သွား အမြန်ပုန်းနေကြ ဟိုမှာ နွေမနီး လာပြီ"

"ပြေးပြီ အာစိ"

ကောင်းမြတ်ရဲ့ သူငယ်ချင်း နှစ်ယောက်က လျင်မြန်စွာဖြင့် ခြုံပုတ်အကွယ်သို့ ပြေးဝင် သွားကြ လေတော့သည် ။ ထိုစဉ် ကောင်းမြတ် အနီးသို့ နွေမ ရောက်လာရာ

"ဟော့နွေမ"

"ဘာလဲ ကောင်းမြတ် ငါ အမေ ခိုင်းထားတာလေးရှိလို့ မအားဘူး"

"ဟာ နွေမရာ ခဏလေးပါ ငါစကားလေး ပြောစရာ ရှိလို့ ပါ"

"ဘာလဲ ကောင်းမြတ် ဒါဆို မြန်မြန်ပြော"

"အေးဟ နွေမ ငါနင့်ကို ချစ် ချစ်လို့ ပါ"

"ဘာ ဘာပြောတယ် ကောင်းမြတ်"

"နင့်ကို ငါချစ်တယ်လို့ ပြောတာပါ နွေမ နင် နင်ငါ့ကို ပြန်ချစ်ပါဟာ
"

"သွားစမ်းပါ ကောင်းမြတ် နင့်လို မနက် မိုးလင်းကမိုးချုပ် ရွာရိုးကိုးပေါက်ပတ် ထန်းတော တကာမှာ ထန်းရေသောက် အချိန်ပြည့် မူးရူးနေသူကို ငါက ပြန်ချစ်စရာလား"

"ဟာ နွေမရယ် ငါက သူဌေးသားမို့ အလုပ် လုပ်စရာ မလိုလို့ အခုလိုနေတာပါ နင်ငါ့ကို ပြန်ချစ်ပါဟာ နော် နော်နွေမ"

"ကောင်းမြတ် နင် နင်နော် ပြောလေ ကဲလေပါလား ငါ့လက်ကို လွှတ်နော်"

ကောင်းမြတ်မှာ မူးနေသော အရှိန်နှင့် လက်ရဲဇက်ရဲ ဖြစ်လာကာ

"ပြော ပြောပါနွေမ နင်ချစ်တယ်ဆိုမှ ငါလွှတ်မယ်"

"ကောင်းမြတ် နင်နောက်မှ ငါ့အဆိုး မဆိုနဲ့ နော်"

"နင်ဘာပြောပြော ငါမလွှတ်နိုင်ဘူး ချစ်တယ်ဆိုမှ လွှတ်မယ်"

"ကောင်းမြတ်"

နွေမက ကောင်းမြတ်အား ဒေါသနှင့် ခပ်ပြတ်ပြတ်ခေါ်ပြီး စူးစိုက်ကြည့်လိုက်ရာ ဘယ်ရယ်ကြောင့် မသိ ကောင်းမြတ်ရင်ထဲမှ ထိတ်ခနဲ ဖြစ်ကာ နွေမလက်အား လွှတ်လိုက်ပြီး အနောက်သို့ ဆတ်ခနဲ ဆုတ်ပေးလိုက်မိလေသည် ။ ဒီတော့မှ နွေမလည်း သူမလမ်းအား သူမ ဆက်လျှောက် သွားလေတော့သည် ။

***

"ဘာ ကောင်းမြတ် ကောင်းမြတ် ဆုံးသွားပြီ ဟုတ်လား"

"ဟုတ်တယ် အခုလေးပဲ သူတို့ အိမ်ဘက်က ငါဖြတ်လျှောက်လာတာ အဲဒါ ကောင်းမြတ်အမေ ငိုနေသံကြောင့် ငါဝင်ကြည့်ခဲ့တာ ကောင်းမြတ် တစ်ကိုယ်လုံးဟာ မီးကျွမ်းလောင်သလို မဲပြာပြီး သေဆုံးနေတာကို တွေ့ခဲ့ရတယ်ကွ"

"ဟင် ဘာ ဘာလို့ ဒီလို ဖြစ်ရတာလဲ"

"ဒါတော့ ငါလည်း မသိဘူးကွ သိချင် သူ့အမေ သွားမေးလေ"

"အေးဟုတ်တယ် မေးကြည့်ကမယ်"

"အေးပါမေးမေး ငါလည်း အလုပ်လေး ရှိသေးလို့ သွားအုံးမယ်"

"အေးပါ အေးပါ သွားသွား"

***